**Interviews with Mr. Basil Fernando (Mr. Basil Fernando နဲ့ တွေ့ဆုံမေးမြန်းချက်)**

24/11/2008, VOA

အစိုးအရအတိုက်အခံ လှုပ်ရှားသူတွေရဲ့ နိုင်ငံရေးအမှုတွေကို လိုက်ပေးနေတဲ့ တရားရုံးချုပ်ရှေ့နေ ဦးအောင်သိန်း နဲ့ ဦးခင်မောင်ရှိန်တို့ကို တရားရုံးကို မထီမဲ့မြင် စွဲချက်နဲ့ ဖမ်းဆီးထောင်ချလိုက်တာဟာ မြန်မာနိုင်ငံတရားရေး စနစ်၏ လွတ်လပ်မှုအတွက် စိုးရိမ်စရာဖြစ်လာသလိုဘဲ ဒါဟာ တရားရုံးတွေကို ဖိနှိပ်ရေးကရိယာအတွက် စစ်အစိုးရကနေအသုံးချတာလို့ အာရှ(၁၀)နိုင်ငံက ရှေ့နေအဖွဲ့အစည်းတွေက ဒီကနေ့ပဲ ထုတ်ပြန်တာပါ။ အာရှ (၁၀) နိုင်ငံက ဥပဒေပညာရှင်တွေ၊ တရားသူကြီးတွေနဲ့ ရှေ့နေတွေပါဝင်တဲ့ နှစ်ပတ်လည် အစည်းအဝေးကိုတော့ အခု နိုဝင်ဘာ ၁၇ ရက်မှ ၂၁ ရက်နေ့အထိ ဟောင်ကောင်မှာ ကျင်းပသွားပါတယ်။ ဒီအစည်းအဝေးမှာ မြန်မာ ရှေ့နေ (၂) ဦးကိစ္စကို ဆွေးနွေးခဲ့ပြီးတော့ ဒီရှေ့နေ (၂) ဦးကို အမြန်ဆုံး ပြန်လွှတ်ပေးဖို့ တက်ရောက်လာသူ တွေက ဆုံးဖြတ်တောင်းဆိုသွားကြတာပါ။

သူတို့ရဲ့ ကြေငြာချက်မှာတော့ ဦးအောင်သိန်းနဲ့ ဦးခင်မောင်ရှိန်တို့ (၂) ဦးဟာ သူတို့အမှုသည်တွေရဲ့ တောင်းဆို ချက်အတိုင်း တရားရုံးမှာ ရှေ့နေရဲ့ လုပ်ပိုင်ခွင့် တာဝန်တွေအရ ဆောင်ရွက်ခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။

သူတို့ (၂) ဦးကို အခုလိုဖမ်းဆီးတာကြောင့် မြန်မာနိုင်ငံမှာ ရှေ့နေတွေ သူတို့ရဲ့တာဝန်တွေကို ဆောင်ရွက်နိုင်ဖို့ အခက်အခဲ စိန်ခေါ်ချက်တွေ ဖြစ်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ (၁၀) နိုင်ငံရှေ့နေတွေရဲ့ ဆုံးဖြတ်ချက်ကို လက်မှတ်ထိုးခဲ့သူတဦးဖြစ်တဲ့ အာရှလူ့အခွင့်အရေးကော်မရှင်ရဲ့ ညွှန်ကြားရေးမှူး သီရိလင်္ကာ ရှေ့နေ Mr. Basil Fernando က VOအကို အခုလိုပြောပြပါတယ်။

"သူတို့ဖမ်းဆီးတာ၊ ထောင်ချတာဟာ၊ ဒီဖြစ်စဥ်အားလုံးကို ကြည့်မယ်ဆိုရင် ဘယ်ဥပဒေနဲ့မှ မကိုက်ညီပါဘူး။ ဒါဟာ ရှေ့နေတွေကို အကြပ်ကိုင်တဲ့ ပုံစံဖြစ်ပါတယ်။ စစ်တပ်ဖြစ်ဖြစ်၊ ရဲဖြစ်ဖြစ်၊ ဘယ်အာဏာပိုင်မှ ဥပဒေ အထက်မှာမရှိရပါဘူး။ မြန်မာနိုင်ငံမှာတော့ အာဏာပိုင် မှန်တမျှက ဥပဒေအထက်မှာရှိပါတယ်။ စစ်တပ်ကလည်း ဥပဒေအထက်မှာ၊ စစ်တပ်အကြီးအကဲကလည်း ဥပဒေအထက်မှာ၊ ရဲဆိုတာလည်း ဥပဒေအထက်မှာ ဖြစ်နေ ပါတယ်။ တရားရုံးဆိုတာက ပြည်သူတွေကို ဖိနှိပ်ဖို့ သက်သက်ဖြစ်နေပါတယ်။"

မြန်မာနိုင်ငံဟာ တရားသူကြီးချုပ်အပါအဝင် တရားရေးဌာနဟာ စစ်အစိုးရ၏ နိုင်ငံရေးဖိနှိပ်မှု အသုံးချစရာ တန်ဆာပလာလို ဖြစ်နေတယ်လို့လည်း Mr. Basil Fernando က အခုလို ဝေဖန်သွားပါတယ်။

" တရားရေးအကြီးအကဲစုတွေဆိုတာက စစ်တပ်အတွက် နိုင်ငံရေးလက်ကိုင်ဒုတ်တွေပါဘဲ။ သူတို့မှာ ဘာမှ လွတ်လပ်မှု မရှိပါဘူး။ မြန်မာနိုင်ငံမှာ တရားရုံးဆိုတာက တကယ့်တရားရုံးမဟုတ်ပါဘူး။ ပြည်သူတွေကို ခြိမ်းခြောက် အနိုင်ကြည့်ဖို့ ကိရိယာတွေ ပါဘဲ။"

ပြီးခဲ့တဲ့နှစ် စက်တင်ဘာ လူထုလှုပ်ရှားမှုကြောင့် နိုင်ငံရေးအတိုက်အခံတွေကို ဖမ်းဆီးတဲ့နေရာမှာ တရားခွင်မှာ စစ်ဆေးတဲ့နေရာမှာ ဒီရှေ့နေ(၂) ဦး ကနေပြီးတော့ အဓိက အကျိုးဆောင်ပေးခဲ့ပါတယ်။ ဒါပေမဲ့ တရားခွင်အတွင်းမှာ လွတ်လပ်မှုမရှိတာ၊ တရားခွင်မှာ တရားခံအခွင့်အရေး ဆုံရှုံးနေတာကြောင့် အထိန်းသိမ်းခံထားရတဲ့ နိုင်ငံရေး လှုပ်ရှားသူတွေက တရားခွင်စစ်ဆေးမှုကို အယုံအကြည်မရှိတော့ဘူး၊ သူတို့အတွက် လိုက်ပါဆောင်ရွက် ပေးနေတဲ့ အကျိုးဆောင် တွေစီကလည်း ရှေ့နေပါဝါ ပြန်ရုပ်သိမ်းတယ်လို့

ဦးအောင်သိန်းနဲ့ ဦးခင်မောင်ရှိန် တို့က သူတို့ရဲ့တာဝန်တွေအတိုင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီအပေါ်မှာပဲ တရားရုံးကို မထေမဲ့မြင် ပြုတယ်ဆိုပြီး တရားရုံးရှေ့နေ (၂) ဦးကို အချိန်တိုအတွင်းမှာ ဖမ်းဆီးပြီးတော့ ထောင်ဒဏ် (၄) လ ချမှတ်လိုက်တာပါ။ အခုပြုလုပ်တဲ့ အာရှ (၁၀) နိုင်ငံက တရားရေးဆိုင်ရာအစည်းအဝေးမှာ မြန်မာနိုင်ငံရဲ့ ရှေ့နေ(၂) ဦးကိစ္စကို တင်ပြခဲ့တော့ အခြားအာရှနိုင်ငံတွေရဲ့ ရှေ့နေတွေ၊ တရားသူကြီးတွေ တုံ့ပြန်ချက်တွေ ဘယ်လိုရှိ သလဲလို့ ကျနော် မေးမြန်းခဲ့ပါတယ်။

" သူတို့တတွေ တော်တောလေးတုန်လှုပ်သွားပါတယ်။ တခြားသူတို့နိုင်ငံမှာ တရားရေးနဲ့ ပတ်သက်လို့ ပြဿနာ ရှိပေမဲ့လို့ မြန်မာနိုင်ငံမှာ ဖြစ်သလိုမျိုးမဟုတ်ပါဘူး။ ဒီလိုလုပ်လို့လည်းမရပါဘူး။ တရားရုံးတွေ မသွားနိုင်ပဲ ချက်ချင်းထောင်ချခံလိုက်ရတာ။ ဒီအဖြစ်အပျက်အပေါ်မှာ အခုအစည်းအဝေး လာတက်တဲ့သူတိုင်းက တုန်လှုပ်သွားကြပါတယ်။ ဒီအတွက်လည်း အခုလို ဒီရှေ့နေ (၂) ဦးကို ထောင်ချလိုက်တဲ့အပေါ် စစ်အစိုးရကို အပြင်းအထန် ဝေဖန်ရှုံ့ချတာပါ။ ဒါဟာ ပုံမှန် ဖြစ်ရိုးဖြစ်စဉ် ကိစ္စမဟုတ်ပါဘူး။ "

အခုလိုမျိုး သူတို့ပြန်လွတ်လာရေးနဲ့ မြန်မာနိုင်ငံတရားရေးစနစ်မှာ လွတ်လွတ်လပ်လပ်နဲ့ ဆောင်ရွက်နိုင်ဖို့ အာရှ (၁၀)နိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်ထွက်ပြီး နောက်ပိုင်းမှာတော့ သက်ဆိုင်ရာနိုင်ငံအလိုက် တရားရေးစနစ်တွေ ကနေတဆင့် မြန်မာနိုင်ငံကို ဖိအားသွားဖို့ ရှိတယ်ဆိုလို့လည်း Mr. Basil Fernando ကပြောပြပါတယ်။

" တကမ္ဘာလုံးမှာ မြန်မာရှေ့နေ ၂ ဦးကိစ္စကို သိအောင် အာရုံစိုက်လုပ်ဆောင်သွားမှာပါ။ သူတို့ကို အမြန်လွှတ် ပေးဖို့ ဆုံးဖြတ်ချက်အပေါ်မှာလည်း အခုတက်လာသူအားလုံးက ထောက်ခံခဲ့ကြပါတယ်။ ဒီဆုံးဖြတ်ချက်တွေ တခြားကမ္ဘာအနှံ့မှာရှိတဲ့ ရှေ့နေအဖွဲ့တွေ၊ ဥပဒေအဖွဲ့တွေ၊ တခြားလူ့အခွင့်အရေးအဖွဲ့တွေကို ဆက်လက်ဖြန့်ချီ သွားပြီးတော့ လိုအပ်တဲ့အရေးယူကိုင်တွယ်မှုတွေလုပ်ဖို့လည်း တိုက်တွန်းသွားမှာပါ။

*အာရှလူ့အခွင့်အရေးကော်မရှင်ရဲ့ ဒါရိုက်တာ Mr. Basil Fernando ပြောကြားသွားပါတယ်။*